ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

3.1.2023

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၂၈) ဦး	(၄) ဦး

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

<u>စစ်ကိုင်းတိုင်း</u>

- ဇန်နဝါရီလ(၃)ရက်နေ့မနက်(၇:၀၅)နာရီခန့်က ကန့်ဘလူမြို့နယ်၊ ချပ်သင်းကျေးရွာ၊ဘောလုံးကွင်း အရှေ့ဘက်တွင် လက်ဖက်ရည်သောက်ရန် ထွက်လာသော ရန်သူတပ်အရာရှိ အပါအဝင် တပ်သားနှင့် ပျူစောထီး (၈)ဦးတို့ကို ဒေါင်းရာဇာအဖွဲ့မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ (၄)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။
- ဇန်နဝါရီလ(၃)ရက်နေ့မနက်(၂:၂၅)နာရီခန့်က တန့်ဆည်မြို့နယ်၊ ဆင်ငယ်ကျေးရွာရှိ ရန်သူတပ်သားနှင့် ပျူစောထီးများ တပ်စွဲထားရာစခန်းကို ပြည်သူ့ကာကွယ်ရေးတပ်မတော်(ရွှေဘိုခရိုင်)တပ်ရင်း (၆)၊ (၉)၊ (၁၂)၊ တန့်ဆည်မြို့နယ် ပကဖ၊ ပလဖ၊ KPK၊ ရွှေဘိုခရိုင် တပ်ရင်း ၂၅ (TPC) တို့ပူးပေါင်းတိုက်ခိုက်ချေမှုန်းနိုင်ခဲ့ရာ ရန်သူ့ဘက်မှ အလောင်း(၂၀)ခန့်မျက်မြင်သေဆုံးခဲ့ပြီး MA 1 ၂ လက်၊ ကာဘိုင် ၂ လက်၊ ၁၂ ဗို့ ခါးချိုးသေနတ် ၆ လက်၊ လက်လုပ်သေနတ် ၁ လက်နှင့်ဆက်စပ်ကျည်များ၊ သံခမောက် ၄ လုံး၊ ကျည်ကာ ၃ ခု၊ စကားပြောစက် အထိုင် ၁ လုံး၊ ဖုန်း ၈ လုံး သိမ်းဆည်းရမိခဲ့သည်။
- ဇန်နဝါရီလ(၂)ရက်နေ့မနက်(၃:၃၀)နာရီခန့်က မုံရွာမြို့နယ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အတွင်းရှိ ရန်သူများအား ပြည်သူ့ကာကွယ်ရေးတပ်မတော်(မုံရွာခရိုင်)အမှတ်၂တပ်ရင်း တပ်ခွဲ၄ Fight For People အဖွဲ့မှ လက်လုပ်ဗုံး (၁၀)လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။
- ဇန်နဝါရီလ(၂)ရက်နေ့ နေ့လည်(၁:၂၄)နာရီခန့်က မုံရွာမြို့နယ်၊ မြေနဲနှင့်မိုးညင်းကြား ငြိမ်းချမ်းရေးကျောင်းမှ ထွက်လာသော ရန်သူတပ်သား(၁၀၀)ခန့်ပါ စစ်ကြောင်းကို ငြိမ်းချမ်းရေးကျောင်းမြောက်ဘက် Peace Taker Task Force နှင့်The Brightness Monywa ပူးပေါင်းအဖွဲ့က ပဒေသာမိုင်း (၃) လုံးဖြင့် မိုင်းဆွဲ တိုက်ခိုက်ခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မန္တလေးတိုင်း

ဇန်နဝါရီလ(၂)ရက်နေ့မနက်(၁၀)နာရီခန့်က မတ္တရာမြို့နယ်၊ လမိုင်းရွာနှင့်တောင်ကန်ရွာကြားတွင် ရွာသာရွာမှ ထွက်လာသော အင်အား(၄၀)ခန့်ပါသည့် ရန်သူတပ်ခြေလျင်စစ်ကြောင်းအား မန္တလေးမြို့ပြပြောက်ကျားတပ်ဖွဲ့မှ မြနန္ဒာစစ်ဆေးရေးဖြင့် မိုင်း(၂)လုံးဆွဲတိုက်ခိုက်ခဲ့သောကြောင့် ရန်သူတပ်သား(၇)ဦးသေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။

ပဲခူးတိုင်း

ဒီဇင်ဘာလ(၂)ရက်နေ့နေ့လည်(၁း၃၀)နာရီခန့်က ပေါင်းတည်မြို့နယ်၊ နွားခြံကုန်းအုပ်စု၊ ကုန်းသာရွာ ဆည်မြောင်းရုံး အနီးရှိ စစ်ဆေးရေးဂိတ်ကို ပေါင်းတည်မြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ တပ်ရင်း(၃၆၀၁)တပ်ခွဲ ၅၊ နွေဦးတပ်ဖွဲ့က မိုင်းခွဲတိုက်ခိုက်ခဲ့ရာ ရန်သူတစ်ဦး သေဆုံးခဲ့သည်။

အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

ကချင်ပြည်နယ်

ဇန်နဝါရီလ(၃)ရက်နေ့နေ့လည်(၃:၄၅)နာရီခန့်က မိုးကောင်းမြို့နယ် KIA တပ်မဟာ (၈)၊ တပ်ရင်း (၅) နယ်မြေ ဧရာဝတီမြစ်နှင့်မိုးကောင်းချောင်းအနီးတဝိုက်ရှိ ရွှေဖောင်များကို ရန်သူတပ်က ဂျက်ဖိုက်တာ(၂)စီး၊ Mi-35 (၁)စီးဖြင့် ဗုံးကြဲတိုက်ခိုက်သွားခဲ့သည်။

ကရင်နီ(ကယား)ပြည်နယ်

ဇန်နဝါရီလ(၃)ရက်နေ့မနက်(၁၁)နာရီခန့်က လွိုင်ကော်မြို့နယ်၊ ဒေါမူကလားရွာအတွင်းသို့ ရန်သူတပ်ပစ်လိုက်သော လက်နက်ကြီး (၄) လုံး ကျရောက်ပြီး ပြည်သူနေအိမ်တစ်လုံးပျက်စီးခဲ့သည်။

ဒေသခံပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း

ရှမ်းပြည်နယ်

ဇန်နဝါရီလ(၃)ရက်နေ့က ညောင်ရွှေမြို့နယ်ရှိ အင်းတိန်ရွာ၊ တောင်ပို့ကြီးကျေးရွာ၊ ခေါင်တိုင်ကျေးရွာနှင့်တုံးလည် ရွာတို့မှ ဒေသခံ အရပ်သား (၄၀)ခန့်ကို ရန်သူတပ်က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

<u>မန္တလေးတိုင်း</u>

ဇန်နဝါရီလ(၃)ရက်နေ့၊နေ့လယ်ပိုင်းက မန္တလေးမြို့ သံဃသမဂ္ဂ(မန္တလေး)မှ ဦးအာစာရ(သပိတ်ခင်)အား ရန်သူတပ်များက ဖမ်းဆီးသွားခဲ့ကြောင်း သိရသည်။

<u>ရန်ကုန်တိုင်း</u>

- ဇန်နဝါရီလ(၂)ရက်နေ့၊ည(၉:၄၇)နာရီခန့်က မရမ်းကုန်းမြို့နယ်၊ အမှတ်(၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၏ အတွင်းရေးမှူးဟောင်း ဦးစိန်လှအောင်၏သားကို ရန်သူတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့သည်။
- ဇန်နဝါရီလ(၂)ရက်နေ့၊ညနေ(၅:၃၀)နာရီခန့်က လမ်းမတော်မြို့နယ်၊ အမှတ် (၅) လမ်းတွင် NLD ပါတီဝင် ကိုသိန်းဇော်၏နေအိမ်ကို ရန်သူအဖွဲ့ဝင်များက ချိပ်ပိတ်ခဲ့သည်။